# ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် (၁၃)ကြိမ်မြောက်ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ( ၁၀. ၇. ၂၀၁၉ ) ရက်နေ့တွင် မေးမြန်းခွင့်ပြုမည့် မေးခွန်းအစီအစဉ်

| စဉ် | အမည်၊<br>မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့်<br>ဝန်ကြီးဌာနနှင့်<br>ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ဦးလှိုင်မြင့်သန်း<br>မင်းလှ(၁) | မင်းလှမြို့နယ်၊ လယ်လှကျေးရွာအုပ်စု၊လယ်လှကျေးရွာအလယ်တန်းကျောင်းတွင်ကျောင်းဆောင်သစ်(၁)ဆောင် ဆောက်လုပ်ပေးနိုင်ခြင်းရှိ/မရှိ သိရှိလိုကြောင်း၊ | **လူမှုရေး** | |
| ၂ | ဦးကျော်စွမ်းရည်<br>မင်းဘူး(၁) | မင်းဘူး(စကု)မြို့နယ်၊ နန်းတော်ကုန်းကျေးရွာအုပ်စု၊ နန်းတော်ကုန်းကျေးရွာမှ အိုးမဲ့အိမ်မဲ့အိမ်ထောင်စု(၇၇)စု၏ ဘဝရှေ့ရေးပြန်လည်တည့်မတ်နိုင်ရေးအတွက် ပြန်လည်ထူထောင်နိုင်ရန်၊ အိုးအိမ်ဖြင့် အတည်တကျနေထိုင်နိုင်ရန် တန်ဖိုးနည်းအိမ်ရာသော်လည်းကောင်း၊ ငွေကြေးထောက်ပံ့မှုအရသော်လည်းကောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ထောက်ပံ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါကလည်း မည်သည့်အချိန်ကာလတွင် ထောက်ပံ့ပေးမည်ကို သိရှိလိုကြောင်း၊ | **လူမှုရေး** | |
| ၃ | ဦးတင့်လွင်<br>ရေနံချောင်း(၁) | နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ပြောင်းလဲရန် ပညာကျန်းမာကဏ္ဍဘတ်ဂျက်တိုးတက်သုံးစွဲမှုနှင့်အတူ တိုင်းဒေသကြီးဘတ်ဂျက်မှအားကစားကဏ္ဍဘတ်ဂျက် ပိုမိုသုံးစွဲပေးနိုင်ခြင်းရှိ/မရှိသိရှိလိုကြောင်း၊ | **လူမှုရေး** | |
| ၄ | ဦးဇော်မိုးအောင်<br>သရက်(၂) | မကွေးတိုင်းဒေသကြီးအတွင်း ပလပ်စတစ်ကြောင့် သယံဇာတမြေဩဇာ၊ ရေမြေသဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ ဆုံးရှုံးမှုများ ရင်ဆိုင်နေရခြင်းကို စီမံကိန်းချဆောင်ရွက်သွားရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **စီမံ/ဘဏ္ဍာ** | |
| ၅ | ဒေါ်ညိုညိုဦး<br>စေတုတ္တရာ(၁) | မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် ပစ္စည်းတင်ဒါ၊ လုပ်ငန်းတင်ဒါ၊ စက်ယန္တရားတင်ဒါလုပ်ငန်းများ ဝင်ရောက်ယှဉ်ပြိုင်သည့်ကုမ္ပဏီများ ရွေးချယ်စိစစ်ရာပရိုဖိုင်များတွင် ရေးသားထည့်သွင်းထားသော အချက်များသည် ခိုင်မာတိကျမှုရှိ/မရှိ၊ ဆောက်လုပ်ရေးနှင့်ပတ်သက်၍ အတွေ့အကြုံရှိ/မရှိ၊ စိတ်စေတနာထား၍ ဆောင်ရွက်ခဲ့မှုရှိ/မရှိ၊ နာမည်ပျက်စာရင်းသွင်းခံခဲ့ရသော ကုမ္ပဏီဟုတ်/မဟုတ် စသည့် မလိုလားအပ်သော ပြဿနာများမဖြစ်စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မည်သို့စိစစ်ရွေးချယ်သည်ကို သိရှိလိုကြောင်း၊ | **ဆောက်ပို့** | |

| စဉ် | အမည်၊ မဲဆန္ဒနယ် | မေးခွန်းအကြောင်းအရာ | ဖြေကြားမည့် ဝန်ကြီးဌာနနှင့် ဝန်ကြီးအမည် | မှတ်ချက် |
|---|---|---|---|---|
| ၆ | ဦးဝင်းမြင့်လှိုင် တောင်တွင်းကြီး(၂) | နိုင်ငံတော်ရန်ပုံငွေများဖြင့် တည်ဆောက်ဆဲဖြစ်သော အဆောက်အဦ၊ လမ်း၊ တံတားများအား အရည်အသွေးပြည့်မီစေရန်ကုမ္ပဏီများနှင့်ဌာနဆိုင်ရာများမှခန့်အပ်ထားသော(QC)အရည်အသွေး စစ်ဆေးသည့်အဖွဲ့များ လုံလောက်စွာ ထားရှိပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **ဆောက်ပို့** | |
| ၇ | ဒေါ်မြင့်စန်း ပေါက်(၂) | ပေါက်မြို့တွင် နှစ်စဉ်ကြုံတွေ့နေရသော မိုးတွင်းအခါရပ်ကွက်များအတွင်းရေလျှံမှုခံနေရခြင်းအား မည်ကဲ့သို့ စီမံဆောင်ရွက်ပေးမည်ကို သိရှိလိုကြောင်း၊ | **ဆောက်ပို့** | |
| ၈ | ဦးသိန်းလှ ရေနံ့ချောင်း(၂) | မကွေးတိုင်းဒေသကြီးအစိုးရအနေဖြင့် တာဝန်ထမ်းဆောင်ရန် ကျန်ရှိနေသည့် တစ်နှစ်ခွဲကာလ အတွင်း မြို့နယ်များတွင်ရှိသော တိုင်စာများကြန့်ကြာနေမှု မရှိအောင် မည်ကဲ့သို့လုပ်ဆောင်နေ သည်ကို သိရှိလိုကြောင်း၊ | **စိုက်မွေး** | |
| ၉ | ဦးတင်မောင်ဦး ဆင်ပေါင်ဝဲ(၁) | ဆင်ပေါင်ဝဲမြို့နယ်၊ လက်ပွံငူအုပ်စု၊ မိုးနတ်ကုန်းကျေးရွာတွင် တိမ်ကောနေသော အင်း၊ ကန်များ အား ပြန်လည်ပြုပြင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **စိုက်မွေး** | |
| ၁၀ | ဦးငွေးဝင်း ထီးလင်း(၁) | ထီးလင်းမြို့နယ်၊ မြောင်းကြီးရွာတွင် တောင်ချောက်ရေလွှဲဆည် ပြုလုပ်ပေးရန်နှင့် ရေသွင်းမြောင်း ဖောက်လုပ်ပေးရန် ဆည်မြောင်းဌာနမှ နေရာရွေးချယ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုကြောင်း၊ | **စိုက်မွေး** | |